ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး

ဗဟိုဌာနချုပ်

ကော်သူးလေ

www.knuhq.org

နေ့စွဲ။ ။ ဩဂုတ်လ (၉) ရက်၊ ၂၀၁၉ ခုနှစ်

# ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး (၁၆) ကြိမ်မြောက် ကွန်ကရက်အပြီး တတိယအကြိမ် ဗဟိုအမြဲတမ်းကော်မတီ အစည်းအဝေး(ပထမပိုင်း) သတင်းထုတ်ပြန်ချက်

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ (၁၆)ကြိမ်မြောက်ကွန်ကရက်အပြီး (၃)ကြိမ်မြောက်ဗဟိုအမြဲတမ်းကော်မတီ၏ အစည်းအဝေး (ပထမပိုင်း)ကို ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ(၂၂)ရက်နေ့မှ ဩဂုတ်လ(၉)ရက်နေ့အထိ အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ပါသည်။ ထိုအစည်းအဝေးသို့ ဗဟိုအမြဲတမ်းကော်မတီဝင် (၅၅)ဦး ရှိသည့်အနက် ကော်မတီဝင် (၄၅)ဦး နှင့် အထူး ဖိတ်ကြားခံရသည့် ခေါင်းဆောင်များ တက်ရောက်ခဲ့ကြပါသည်။

(၃)ကြိမ်မြောက် ဗဟိုအမြဲတမ်းကော်မတီအစည်းအဝေးတွင် ကေအဲန်ယူ-ဗဟိုအလုပ်အမှုဆောင်ကော်မတီ မှ တင်သွင်းသည့် နိုင်ငံရေးအစီရင်ခံစာပါ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် တွေ့ဆုံဆွေးနွေးအဖြေရှာကြမည့် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ လုပ်ငန်းစဉ်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ တစ်ဆို့နေမှုများ၊ အခက်အခဲများ၊ ကျော်လွှားနိုင်မည့် လုပ်ငန်းစဉ်များ တို့ကို အပြန်အလှန် အကြေအလည်ဆွေးနွေးခဲ့ကြသည်။

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တစိုက်မတ်မတ် အားသွန်ခွန်စိုက် ပါဝင်လာခဲ့ရာမှ ၂၀၁၈ ခုနှစ် နိုဝင်ဘာလ (၅) ရက်နေ့မှ စ၍ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၏ တရားဝင် အစည်းအဝေး များသို့ တက်ရောက်မှုအား ယာယီရပ်ဆိုင်းထားခဲ့ပြီး ရေရှည် တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် အလွတ်သဘော ဆွေးနွေးပွဲများဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ တစ်ဆို့မှုများနှင့် အခက်အခဲများကို ကျော်လွှားနိုင်ရန် ကြိုးပမ်းခဲ့သည်။ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးမှ အစိုးရသို့ အဆိုပြုတင်ပြထားသည့် ရှေ့ဆက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အစီအစဉ်များအပေါ်တွင်လည်း ဤအစည်းအဝေးတွင် အပြန်အလှန် ဆွေးနွေး ခဲ့ကြသည်။

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး အနေဖြင့် ရှေ့ဆက်ငြိမ်းချမ်းရေးဖော်ဆောင်မှုတွင် အဓိပ္ပါယ်ပြည့်ဝစွာ ပါဝင်ရန်အတွက် သော်လည်းကောင်း၊ အဖွဲ့အစည်းတခုလုံး တညီတညွတ်တည်း ပါဝင်ရန်အတွက် သော်လည်း ကောင်း ဆွေးနွေးခဲ့ကြပြီး တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)အပေါ် ရပ်တည် လျက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ပတ်သက်သည့် အစုအဖွဲ့ (Stakeholders) များနှင့်အတူ ဆွေးနွေး ညှိနှိုင်း ပူးပေါင်း လုပ်ဆောင်သွားမည် ဖြစ်သည်။

**ဆက်သွယ်ရန် -**

၁။ ပဒိုစောကွယ်ထူးဝင်း (ဒုတိယဥက္ကဋ္ဌ)
(+၆၆ ၈ ၁၈၀၇ ၆၂၇၉၊ +၉၅ ၉၄၂၂၁၉၁၉၄၁)
kwehtoowin@gmail.com

၂။ ပဒိုစောတာဒိုမူး (အထွေထွေအတွင်းရေးမှူး)
(+ ၆၆ ၆ ၄၆၄၅ ၉၁၁၃၊ +၉၅ ၉၇၉၅၈၈၇၀၈၅)
klomooo@yahoo.com